# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ**
**အမှတ် ၈/၂၀၀၄)**

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၃၁၏နောက်တွင် ပုဒ်မ ၃၁-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်

"၃၁-က။ မည်သူမဆို ဤဥပဒေအရပေးပို့သည့် သို့မဟုတ် ပေးပို့ရန်ရှိသည့် သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သောသတင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် သို့မဟုတ် စုံစမ်းစစ်ဆေးရန်ရှိသည့် သတင်း သို့မဟုတ် ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့် သက်ဆိုင်သူ သို့မဟုတ် အမှုသည်အပါအဝင် အခြားသူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် တနည်းနည်းဖြင့် အသိ

ပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့ရာတွင် ဤပုဒ်မသည် အမှုစစ်အရာရှိ၊ ရှေ့နေရှေ့ရပ်၊ နိုင်ငံတော်ပဗ္ဗလစ်၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ စာရင်းကိုင် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အမှုသည်ကို ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်အရ သတင်းအချက်အလက် သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ